# Highlights from DVB Debate's Promoting Youth Leadership Show

## January 14, 2017

## "How to promote Youth Leadership?"

"ကျနော်တို့ဆီမှာက အသက် ၆၀ နားထိကို လူငယ်ဖြစ်နေတယ်. အသက်ငယ်တယ်ထင်ရတဲ့ လူတွေဆို နှိမ်ထားချင်တာမျိုးတွေ့ရတယ်။ တချို့ဆို 'သား' တို့ဘာတို့ အသုံးအနှုန်းတွေခေါ်တယ် ရင်းနှီးတယ်လို့ထင်ရတဲ့ အသုံးအနှုန်းပေမယ့် ဒါက လူငယ်တွေကို ငယ်နေလို့ ဖိလိုက်သလိုမျိုးဖြစ်တာပေါ့"

ဦးဇေယျာသူ - ဒုအယ်ဒီတာချုပ်၊ The Voice အပတ်စဉ်/နေ့စဉ် သတင်းစာဂျာနယ်

---

"နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်ပြောသွားတာတွေထဲမှာ တချို့က ပညာရှင်ဆန်တာပေါ့နော် အလုပ်ရုံဆွေးနွေးပွဲတွေ တက်နေကျ လူငယ်တွေကတော့ နားလည်တယ်။ ကျမတို့ကိုယ်တိုင်နဲ့ ပြည်နယ်က လူတွေဆို သူဆိုလိုတဲ့ ဦးဆောင်မှုနေရာချည်းပဲ ယူမနေဘဲ နောက်လိုက်ကောင်း ဖြစ်အောင်လုပ်ကြပါဆိုတာမျိုးတွေကျ ရုတ်တရက် နားမလည်လိုက်ဘူးပေါ့နော်"

နန်းမွေဆိုင် - ရှမ်းမြောက်လူငယ်ကိုယ်စားလှယ်၊ နိုင်ငံလုံးဆိုင်ရာလူငယ်မူဝါဒဖြစ်မြောက်ရေးအဖွဲ့

---

"မြန်မာနိုင်ငံအနေနဲ့က လူဦးရေအခွင့်အလမ်း ဆုလာဘ်ပိုင်ဆိုင်နေပြီ အလုပ်လုပ်နိုင်တဲ့ အသက်အရွယ်ပိုင်းခြားတွေ ပိုင်ဆိုင်ထားတယ်..ဒါကို အသုံးချနိုင်ရင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ဖို့ အခွင့်အလမ်းကောင်းပါ"

ဒေါက်တာ စည်သူဆွေ - ကုလသမဂ္ဂလူဦးရေဆိုင်ရာရန်ပုံငွေအဖွဲ့

---

"လူငယ်တွေက executive နေရာမျိုးမှာ ပါလို့ မရဘူးဖြစ်နေတယ်။ ယဉ်ကျေးမှုကြောင့်တောင် မဟုတ်ဘဲ အခြေခံဥပဒေနဲ့ တခြား စည်းမျဉ်းသတ်မှတ်ချက်တွေက လူငယ်တွေကို executive နေရာ ပါလို့ မဖြစ်အောင်လုပ်နေတယ်။ ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီးနောက်ပိုင်း မွေးတဲ့ လူကြီးတွေကပဲ executive ဖြစ်နေတယ်"

ဦးဇေယျာသူ - ဒုအယ်ဒီတာချုပ်၊ The Voice အပတ်စဉ်/နေ့စဉ် သတင်းစာဂျာနယ်

---

"ခေါင်းဆောင်မှုသင်တန်းမတက်ရဘဲ ခေါင်းဆောင်မှုအရည်အချင်းရှိနေတဲ့ သူတွေလည်း အများကြီးရှိတယ်။ ခေါင်းဆောင်နေရာရဖို့ ရှိသင့်တဲ့ စိတ်နေစိတ်ထားတွေက သင်တန်းတွေတက်မှ ရတာမဟုတ်ပါဘူး"

ထက်ပိုင်စိုး - နိုင်ငံလုံးဆိုင်ရာလူငယ်မူဝါဒရေးဆွဲရေးအဖွဲ့

---

"Leadership ဆိုရာမှာ ရာထူးရရင် ခေါင်းဆောင်မှုလို့ထင်နေကြတာကိုး အဲတော့ ခေါင်းဆောင်မှုသင်တန်းတွေ စာအုပ်တွေဟာ တအားလူကြိုက်များတယ်. နိုင်ငံတကာမှာလည်း ဒီလိုပါပဲ.။ ဒါပေမယ့်နောက်တခုက ဘာဖြစ်လဲဆိုတော့ ခေါင်းဆောင်မှုသင်တန်းဆင်းတွေဟာ ၁ ပေ ဇော်ဂျီလိုဖြစ်နေတယ်. အမြင့်ကြီးလည်း မခုန်နိုင်ဘူး. အောက်လည်း ပြန်ဆင်းမရတော့ဘူး။ သိသလိုလိုနဲ့ တကယ်ဘာမှ မသိတာမျိုးတွေဖြစ်ကြတာပေါ့။"

ဦးဇေယျာသူ - ဒုအယ်ဒီတာချုပ်၊ The Voice အပတ်စဉ်/နေ့စဉ် သတင်းစာဂျာနယ်

---